ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

စာအမှတ်၊ အစဆ/၁(က) ၂၀၁၂/၄၃၉၆၊
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ( ၁၄ )ရက်၊

သို့

_______________ ပြည်နယ်/တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး
_______________ ပြည်နယ်/ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

အကြောင်းအရာ။ Dextromethorphan ပါဝင်သော ဆေးဝါးများကိစ္စ။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဆေးဝါးအကြံပေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် Dextromethorphan တစ်မျိုးတည်းပါရှိသော ဆေးဝါးများကို မှတ်ပုံတင်ခွင့်ပြုထားခြင်း မရှိပါ ကြောင်း၊ Dextromethorphan နှင့်ပေါင်းစပ်ဖော်ထားသည့် Bromhexine, Chlorpheniramine Maleate စသည့်တို့ ပါဝင်ဖော်စပ်ထားသော ချောင်းဆိုးပျောက်ဆေးများသည် ဆေးဝါးမှတ်ပုံတင် ခွင့်ပြုချက်ထုတ်ပေးထားပါသည်။ အဆိုပါဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ ရောင်းချရမည့်ဆေးဝါးအဖြစ် သတ်မှတ်ထားပါသဖြင့် မှတ်ပုံတင်ရရှိထားသည့် Dextromethorphan ပါဝင်ဖော်စပ်ထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် တိကျစွာရောင်းချခြင်းရှိမရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော Dextromethorphan တစ်မျိုးတည်းပါဝင်သည့် ဆေးဝါးများကို ရောင်းချမှုရှိမရှိတို့ကို ဆေးဆိုင်များသို့ ပုံမှန်ကွင်းဆင်းစစ်ဆေးပါရန်နှင့် ဆောင်ရွက်ပြီးစီးမှု၊ စစ်ဆေးတွေ့ရှိချက်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့ ပုံမှန်အစီရင်ခံတင်ပြရန် အကြောင်းကြားအပ်ပါသည်။

၁၄/၃/၁၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာဇော်ဝင်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို- ၁။ ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ကျန်းမာရေးဦးစီးဌာန၊
၃။ မြန်မာနိုင်ငံဆရာဝန်များအသင်း၊
၄။ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း၊
၅။ တာဝန်ခံ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနခွဲ(မန္တလေး)၊
၆။ ရုံးလက်ခံ/မျှောစာတွဲ။